မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

***Enjoy free reading from B.C.F. ___ Volume18 / Issue 3 / March / 2025***

## Pray for Country of Myanmar



“Blessed are the peacemakers, for they shall be called sons of God” (Matthew 5:9)

သူတပါးချင်း ခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည်ဘုရား သခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်းကို ခံရကြလတံ့။ (ရှင်မဿဲ၊၅း၉)

“ယနေ့သည် ငြိမ်းချမ်းရေး နှင့် ပြန်လည်စေ့စပ်ရေး အတွက် စည်းလုံးညီညွတ်စွာဖြင့် အတူတကွ လက်တွဲလျှောက်လှမ်းနိုင်ဖို့ အခွင့်အလမ်း တစ်ရပ် ဖြစ်သည်။”

မြန်မာပြည်တွင် မငြိမ်မသက်ဖြစ်မှု နှင့် ပဋိပက္ခများကြောင့် သေဆုံးရသူများ၊ အိုးမဲ့အိမ်မဲ့ ဖြစ်၍ ထွက်ပြေးတိမ်းရှောင် နေကြရသောဒုက္ခသည် ထောင်ပေါင်းများစွာတို့၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည်တို့အတွက် ဆုတောင်းပေးခြင်း၊– ဆက်လက်၍ အကြမ်းဖက်မှုများ အဆုံးသတ်ရေး၊ အမုန်းတရားကင်းဝေးကြဖို့ရန်အတွက် ဆုတောင်းပေးခြင်း၊– ငြိမ်းချမ်းရေးရောင်ချည်အစပျိုးလာရန်နှင့် ပြန်လည်၍သင့်မြတ်ကာ သာယာဝပြောသော မြန်မာပြည်ကြီး အဖြစ်သို့ ပြန်လည်ဦးတည်လာရန် အတွက် ဆုတောင်းခြင်းဖြင့် ပါဝင်ကြပါစို့။

Hope and faith can be a light for Country of Myanmar.

**မျှော်လင့်ချက်နှင့်ယုံကြည်ခြင်းသည် မြန်မာပြည်ကြီးအတွက် အလင်းဖြစ်နိုင်ပါသည်။**

## ***2025 March, Sunday Worship Programs:***

**March 2025**

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |
| 30 | 31 | | | | | |

***March 2, 2025 … Holy Communion Sunday***

***March 9, 2025 … Regular Worship Service***

***March 16, 2025 … Regular Worship Service***

***March 23, 2025 … Regular Worship Service***

***March 30, 2025 … Worship through Meditation Service***

---

*Worship Place*
*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

*Worship Service*
*Sunday Worship (Sunday) 2:00 PM*
*Sunday school (Sunday) 2:15 PM*

*Bible Study …. Sunday 1:00-2:00 PM*
*Prayer Meeting …. Every Saturday, 2:00 PM*

# သိမှတ်ဖွယ်ရာ - စိန့်ပက်ထရစ်

## Irish လုယက်သူများ၏ ဖမ်းဆီးခြင်းကို ခံရသော သုံ့ပန်းအကျဉ်းသား။

St. Partick သည် လေးရာစုနှစ်အကုန် အင်္ဂလန်နိုင်ငံတွင် ချမ်းသာသောမိဘများမှ မွေးဘွား ဆင်းသက်လာသူ ဖြစ်သည် ဟုသိရသည်။ 460 AD ပတ်ဝန်းကျင် မတ်လ ၁၇ ရက်တွင် သေဆုံးသည် ဟုယုံကြည်ရသည်။ သူ၏ ဖခင်သည် ခရစ်ယာန်အသင်းထောက်လူကြီးဖြစ်သည်ဟု ဆိုသော်ငြားလည်း အခွန်ဆောင်သောအခါ ရရှိနိုင်သော အကျိုးအမြတ်မက်လုံးကြောင့်သာ ဤအမှုတော် ကိုထမ်းဆောင်သည်ဟု ပြောဆိုကြသည်။ Patrick သည် ဘာသာရေးကို အလွန်ရှိသေကိုင်းရှိုင်းသောမိသားစုမှ ဆင်းသက်လာသည် ဟူသောမှန်တမ်းများကို မတွေ့ရပါ။ အသက် ၁၆ နှစ် အရွယ်တွင် Patrick သည် သူ့မိသားစုပိုင်ဆိုင်သောခြံမြေ အဆောက်အဦးကို လာရောက် တိုက်ခိုက်သော Irish လုယက်သူများ၏ သုံ့ပန်းအကျဉ်းသားအဖြစ် ဖမ်းဆီးခြင်းကိုခံရသည်။ ဤလုယက်သူ တို့သည် သူ့ကို Ireland သို့ခေါ်ဆောင်သွား၍ ခြောက်နှစ်ကြာသည်အထိ ဖမ်းဆီးချုပ်နှောင်ထားသည်။ ဤဖမ်းဆီးချုပ်နှောင်သောနေရာသည် မည်သည့်နေရာဖြစ်သည်ကိုပင် အငြင်းအခုန်ပြုကြသည်။ အချို့က Patrick ကို ဖမ်းဆီး ခေါ်ဆောင်သွားသောနေရာသည် County Antrim တွင်ရှိသော Mount Slemish ဖြစ်သည်ဟု ပြောကြသော်လည်း Killala အနီး၌ ရှိသော County Mayo တွင် ရှိသည်မှာ ပို၍ ဖြစ်နိုင်သည်။ ဤသို့ ဖမ်းဆီးချုပ်နှောင်ခံရချိန်တွင် Patrick သည် လူသူနှင့် ကင်းဝေးသော ကွင်းပြင်၌ သိုးထိန်းအဖြစ် သိုးများကို ထိန်းကျောင်းပေးရသည်။ ခလုပ်ထိမှအမိတ ဟုဆိုသလို စိတ်အားငယ်သော အထီးကျန်ဘဝ နှင့် ကြောက်ရွံ့တုန်လှုပ်သော ဘဝတို့ကြောင့် စိတ်သက်တောင့်သက်သာ ဖြစ်စေရန်၊ စိတ်ဖြေသိပ်နိုင်စေရန်၊ ဘာသာရေးကို ပို၍ကိုင်းရှိုင်း လာသည်။ ဘုရားတရားကို အလွန်ကြည်ညို သော၊ အလွန်စိတ်အားထက်သန်သော ခရစ်ယာန်ဖြစ်လာသည်။ Patrick ဖမ်းချုပ်ခံရချိန်တွင် Irish လူမျိုးကို ခရစ်ယာန်အဖြစ်သို့ ပြောင်းလဲသော အိပ်မက်များကို စတင် မြင်မက်လာသည် ဟုလည်း ပြောကြသည်။ ယုံကြည်ကြသည်။

## သင်သိပါသလား။

St. Partick သည် Britain ဟုခေါ်သော အင်္ဂလန်နိုင်ငံတွင် ဖွားမြင်၍ ဆယ်ကျော်သက်အရွယ်အထိ နေထိုင်သွားသည်။

## ရူပါရုံကိုလမ်းညွှန်အဖြစ်အသုံးပြုသော St. Partick

သုံးပန်းအကျဉ်းသားအဖြစ် ခြောက်နှစ်ကျော်နေပြီးမှ ထွက်ပြေးလွန်မြောက် လာသည်။ သူ၏ရေးသားချက်အရ – သူ၏အိပ်မက်ရူပါရုံထဲတွင် ဘုရားသခင်ထံတော်မှလာသည်ဟုယုံကြည်ရသော အသံတသံက သူ့ကို Ireland မှထွက်ခွာသင့်ပြီ၊ အချိန်တန်ပြီဟုသူ့ကိုပြောကြားသည်။ ထိုသို့ ထွက်ပြေးသောအခါ သူသည် အဖမ်းခံရသည်ဟု ယုံကြည်ရသော County Mayo မှ မိုင်နှစ်ရာကျော် ကွာဝေးသော Irish ကမ်းခြေသို့ ခြေလျင်ဖြင့်လျှောက်သွားရသည်။ အင်္ဂလန်သို့ ထွက်ပြေးလွတ်မြောက်သွားသောအခါ အိပ်မက်၌ ကောင်းကင်တမန်က သူ့ကို Ireland သို့ သာသနာပြု အဖြစ်နှင့် ပြန်သွားရန် ဟူသော ဗျာဒိတ်တော်ကို ခံစားရရှိသည်ဟု Patrick က ပြန်ပြောင်း ပြောပြသည်။

ထို့နောက် Patrick သည် ဘာသာရေးသင်တန်းတစ်ခုကို တစ်ဆယ့်ငါးနှစ်ကျော်ကျော် တက်ရောက်ပြီး လက်တင်မင်္ဂလာရသောအခါ Ireland တွင်ရှိ ခရစ်ယာန်များ၏ သိုးထိန်းအဖြစ်၎င်း၊ ခရစ်ယာန်ဘာသာသာသနာပြန့်ပွားရေးကို တာဝန်ယူသောအမှုတော်ဆောင်တစ်ဦး အဖြစ်၎င်း၊ စေလွှတ်ခြင်းခံရသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ Patrick က ခရစ်ယာန်ဘာသာကို Ireland ၌ အစပျိုးပေးသည် ဟူသော လူအများစု၏ ယုံကြည်ချက်နှင့် ဗီလာဆန့်ကျင်နေပါသည်။

## မီးပုံပွဲ၊ ကားတိုင်တော် နှင့် St. Partick ။

Irish လူမျိုးတို့၏ ရိုးရာယုံကြည်ချက်ကို ဖျောက်ဖျက်ပစ်ရန် ကြိုးစားမည့် အစား၊ ဤလူမျိုးတို့၏ ဘာသာရေးနှင့် ယဉ်ကျေးမှုကို သိနားလည်သော Patrick သည် Irish လူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ ဝတ်ပြုကိုးကွယ်နည်း နှင့် ဝတ်ပြုကိုးကွယ်သောအခမ်းအနားတို့ကို သူ၏ ခရစ်ယာန်သင်္ခ်ကျင်းစာ ထဲသို့ ပါဝင်လာအောင် တလုံးတစည်းတည်းဖြစ်အောင် ထည့်သွင်းပေါင်းစပ်ဖွဲ့စည်းပေးသည်။ ဥပမာအားဖြင့် Irish လူမျိုးတို့သည် သူတို့၏ဘုရားများကို မီးဖြင့်ဂုဏ်တင်၍ ဂါရဝပြုသည်ကို သိထားသော Patrick သည် ရှင်ပြန်ထမြောက်ခြင်း Easter ပွဲ၏ အခမ်းအနားများကို မီးပုံပွဲများဖြင့် ကျင်းပကာ ချီးမွမ်းထောမနာပြုစေသည်။ နောက်ဥပမာတခုအနေဖြင့်၊ နေသည် Irish လူမျိုးတို့၏ သြဇာလေးနက်တန်ခိုးကြီးသော သင်္ကေတ အထိန်းအမှတ် လက္ခဏာတခု ဖြစ်သည်ကို သိထားသော Patrick သည် ခရစ်ယာန်တို့၏ ရိုးရိုး လက်ဝါးကပ်တိုင်ကို နေကိုယ်စားပြုသော စက်ဝိုင်းအပေါ်တွင် ထက်ဆင့်တင်လိုက်ခြင်းဖြင့် Irish လူမျိုးတို့အတွက် ပိုမို၍ သဘာဝကျသော၊ ပို၍ ကြည်ညိုလေးစား ကိုးကွယ်ဖွယ်ရာ ဖြစ်စေသည့် Celtic လက်ဝါးကပ်တိုင် ရရှိစေပါသည်။

Patrick Ireland သို့ရောက်ခါစအချိန်တွင် ခရစ်ယာန် အရေအတွက်မှာ အနည်းငယ်သာရှိသည်။ Irish လူမျိုး အများစုတို့သည် သဘာဝကို ကိုးကွယ်သော Pagan ဘာသာရေးကို ယုံကြည်ကိုးကွယ်သော အချိန်အခါ ဖြစ်သည်။ Irish ယဉ်ကျေးမှုသည် ကြွယ်ဝသော မိရိုးဖလာရိုးရာ ဓလေ့ထုံးစံမှ တဆင့်စကား တဆင့်ပွားသည့် နှုတ်တိုက် အာဂုံဆောင်သော ဒဏ္ဍာရီ ပုံပြင်များကို အဓိကအလေးထားသော ယဉ်ကျေးမှုမျိုး ဖြစ်သောကြောင့် ရာစုနှစ်ပေါင်းချီ၍ အချိန်ကြာ

လာသည်နှင့်အမျှ Patrick ၏ဘဝဖြစ်စဉ် သည်လည်းဘဲ ပို၍ တိုး၍ ချဲ့ထွင်ခြင်း ခံရသည်မှာ မဆန်းပါ။ အံ့ဩဖြစ်စရာ မလိုပါ။ စိတ်လှုပ်ရှားကြွစေသော ပုံပြင်များအားဖြင့် ရာဇဝင်သမိုင်းကို မှတ်မိစေခြင်းသည် Irish လူမျိုးတို့၏ နေ့စဉ်အသက်သာ၏ တစိတ်တဒေသပင် ဖြစ်ပါသည်။




Irish Celtic cross



St. Patrick Picture



The three-leaved
Shamrock




The "Shield of the Trinity"
or Scutum Fidei diagram of traditional Western Christian symbolism

# ရှောလမုန်မင်းကြီး၏ ရောင့်ရဲခြင်း ဆုတောင်း




အို – အကျွန်ုပ်ဘုရားသခင် ထာဝရဘုရား၊


– ကိုယ်တော်ထံမှာ ဆုနှစ်ပါးကို အကျွန်ုပ်တောင်းပါ၏။
– အကျွန်ုပ် မသေမှီတိုင်အောင် ငြင်းတော်မမူပါနှင့်။
– အကျွန်ုပ်မှ အနတ္တနှင့်မုသာကို ပယ်တော်မူပါ။
– ဆင်းရဲခြင်းနှင့် ငွေရတတ်ခြင်းကို ပေးတော်မမူပါနှင့်။
– အသက်မွေးလောက်သော အစာကိုသာ ပေးတော်မူပါ။

– သို့မဟုတ်၊
အကျွန်ုပ်သည် ကြွယ်ဝ၍၊
ထာဝရဘုရားကား၊ အဘယ်သူနည်းဟုဆိုလျက်၊
ကိုယ်တော်ကိုငြင်းပယ်မည်ဟု
စိုးရိမ်စရာရှိပါ၏။

– သို့မဟုတ်၊
ဆင်းရဲ၍ သူ့ဥစ္စာကိုခိုးသဖြင့်၊
အကျွန်ုပ်၏ဘုရားသခင် နာမတော်ကို မုသာနှင့်ဆိုင်၍
မြွတ်ဆိုမည်ဟု စိုးရိမ်စရာရှိပါ၏။ အာမင်။

# ပညတ်ချက်မှပဋိညာဉ်သစ်သို့

နိုင်လင်း



❑

ယုံကြည်ခြင်းမှာ ကြားနာခြင်းနှင့် ဘုရားသခင် နှုတ်ထွက်စကား အားဖြင့်ဖြစ်လျက်
လျှပ်ပေါ်သောသူ အဘယ်သူမျှ သင်တို့များကို လှည့်ဖြားမှုကင်း ဘုရားရှင်သည်
ဤအမှုကြောင့် အမျက်တော်သည် ငြင်းဆန်ချက်ဖြင့် သူတို့ထက်ဆီ
သက်ရောက်လိမ့်မည်။
သင်တို့တွေမှာ ကာလဆက်၍ မှောင်မိုက်ထဲရှိ
ယခုမူကား သခင်ဘုရား အလင်းထဲတွင် ကျင်လည်ကြလော့ … ။

❑

ရှင်ပေါလုက ပညတ်ချက်သည် လူကိုသေသတ်
ပဋိညာဉ်သစ်မူ တရားတော်ကား အသက်ဆက်ပေး
သိရှိရကြောင်း ဓမ္မဟောင်းနှင့် ဓမ္မသစ်တတွင် နှိုင်းယှဉ်ပြကာ
ပညတ်တရား အပြစ်ဖေါ်ကာ သေခြင်းမှာဆုံး ဘဝတတုံးလျက် ပုပ်ပျက်တတ်တဲ့
ဇာတိလူရဲ့ ကိုယ်ခန္ဓာလည်း နှုတ်ဆက်ခွဲကာ ထွက်ခွါခဲ့ပြီး ဝိညာဉ်သည်သာ
တန်ဖိုးကြီးစွာ ထာဝရတွင် နိစ္စရှင်သန် ထက်ကောင်းကင်ဝယ် ဝင်ရောက်စိုးစံ
သခင်ဘုရား မိန့်ကြားခဲ့ပြီ … ။ ။

## ဆုတောင်းခြင်းနှင့်စပ်ဆိုင်သော သမ္မာကျမ်းချက်များ

ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၁၈း၁၉–၂၀။

ယေရှုခရစ်တော်က၊ ငါအမှန်ဆိုသည်ကား၊ မြေကြီးပေါ်မှာသင်တို့ ချည်နှောင်သမျှသည် ကောင်းကင်ဘုံ၌ ချည်နှောင်လျက် ရှိလိမ့်မည်။ မြေကြီးပေါ်မှာ ဖြည်လွှတ်သမျှသည် ကောင်းကင်ဘုံ၌ဖြည်လွှတ်လျက်ရှိလိမ့်မည်။

တဖန်ငါဆိုသည်ကား၊ မြေကြီးပေါ်မှာ သင်တို့တွင် နှစ်ယောက်တို့သည် သဘောချင်းတူ၍ဆုတောင်းလျှင်၊ တောင်းသမျှသောဆုတို့ကို ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ၏ခမည်းတော်သည် ပေးတော်မူလတံ့။ အကြောင်းမူကား၊ အကြင်အရပ်၌ လူနှစ်ဦးသုံးဦးတို့သည် ငါ၏နာမကိုထောက်၍ စည်းဝေးကြ၏၊ ထိုအရပ်၌ သူတို့အလယ်မှာ ငါရှိသည်ဟု မိန့်တော်မူ၏။

ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၆း၅–၈။

သင်သည်ဆုတောင်းပဌနာပြုသောအခါ လျှို့ဝှက်သောသူတို့နည်းတူ မပြုနှင့်။ ထိုသူတို့သည် လူများတို့ရှေ့မှာ ထင်ရှားစေခြင်းငှါ၊ ပွဲသဘင်လမ်းဆုံလမ်းဝတို့၌ ရပ်လျက် ဆုတောင်းခြင်းငှါ အလိုရှိကြ၏။ ငါအမှန်ဆိုသည်ကား၊ ထိုသူတို့သည် မိမိတို့အကျိုးကို ခံရကြ၏။

သင်သည်ဆုတောင်းသောအခါ ဆိတ်ညံ့ရာအခန်းသို့ဝင်၍ တံခါးကိုပိတ်ပြီးမှ၊ မထင်ရှားသောအရပ်၌ရှိတော်မူသော သင်၏အဘကို ဆုတောင်းလော့။

မထင်ရှားသော အရာကို မြင်တော်မူသောသင်၏အဘသည် အကျိုးကိုထင်ရှားစွာပေးတော်မူလတံ့။

သင်တို့သည်ဆုတောင်းသောအခါ သာသနာပလူနည်းတူ အချည်းနှီးသောစကားဖြင့်အထပ်ထပ်မမြွက်ကြနှင့်။

ထိုသူတို့သည် များစွာသောစကားအားဖြင့် မိမိတို့အလိုပြည့်စုံမည်ဟု ထင်မှတ်ကြ၏။

ထိုသူတို့နည်းတူမပြုကြနှင့်။ အကြောင်းမူကား၊ သင်တို့အလိုရှိသမျှတို့ကို သင်တို့မတောင်းမှီ သင်တို့အဘသိတော်မူ၏။

ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၅း၄၄။

ငါပညတ်သည်ကား၊ သင်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏သားဖြစ်လိုသောငှါ၊ သင်တို့၏ရန်သူတို့ကိုချစ်ကြလော့။ သင်တို့ကို ကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကိုမုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကို နှောင့်ရှက်ညှဉ်းဆဲသောသူတို့အဘို့ ဘုရားသခင်ကိုဆုတောင်းကြလော့။

# အိုအဖဘုရား၊ မည်ကဲ့သို့ဆုတောင်းရမည်ကို သွန်သင်ဆုံးမတော်မူပါ

အိုအဖဘုရားသခင်၊
ကိုယ့်ဖို့၊ ငါ့အဖို့၊ ကိုယ်လိုချင်သည်ကိုသာ သာတောင်းတတ်သော ကျွန်တော်၊ ကျွန်မတို့
တယောက်စီကို ခွင့်လွှတ်တော်မူပါ။
ကိုယ်တော့်ထံမှ အကောင်းဆုံး ဘယ်အရာတောင်း လျှောက်သင့်သည်ကို ကျွန်ုပ်မသိပါ။
ကျွန်ုပ်ဘာလိုအပ်သည်ကို ကိုယ်တော်သာလျှင် အသိဆုံးဖြစ်သည်။
ကျွန်ုပ်ကိုယ့်ကိုယ်ကို ဘယ်လို ချစ်ရမည်ကို ကျွန်ုပ်သိသည်ထက်၊ ကိုယ်တော်ကသာ၍
ကျွန်ုပ်တို့တယောက်စီကို မည်ကဲ့သို့ ချစ်ရမည်ကို သိပါသည်။

အိုအဖဘုရား၊
သားသမီးတို့ တယောက်စီကို တကိုယ်ကောင်းမဆန်ဘဲ မည်ကဲ့သို့ တောင်းလျှောက်ရမည်
ကိုသွန်သင်ဆုံးမတော် မူပါ။
မထိုက်တန်သော်လည်း၊ ကျွန်ုပ်ကိုယ်ကိုဆက်ကပ်ပါသည်။ သံမဏိကဲ့သို့ တင်းမာသော
ကျွန်ုပ်နှလုံးသားကို နူးညံ့ သိမ်မွေ့ပျော့ပြောင်း၊ အရည်ပျော် စေတော်မူပါ။
ကိုယ်တော် သွန်သင်ဆုံးမသလို၊ ပါးတဖက်ကိုလာပုတ်၍ နှောက်ယှက်တားဆီးသော သူကို
နောက်ပါးတဖက် လှည့်ပေးနိုင်လောက်သောသည်းခံခြင်းကို ချပေးသနားတော်မူပါ။
ဘုန်းတော်ထင်ရှားနိုင်စေရန် ခရီးတတိုင်သွားခိုင်း၍ အနိုင်ပြုသောသူကို ခရီးနှစ်တိုင်
သွားပြနိုင်သောသတ္တိ နှင့် စွမ်းရည်ကိုချပေးသနားတော်မူပါ။

အိုအဖဘုရား၊
အရှုံးပေးခြင်း အားဖြင့် အောင်မြင်ခြင်းကိုရစေတော်မူပါ။
မျက်စိရှိလျှက် မမြင်နိုင်သောကျွန်ုပ်ကို မြင်စေတော် မူပါ။
နားရှိလျှက် မကြားနိုင်သော ကျွန်ုပ်ကို ကြားစေတော်မူပါ။
ဦးနှောက်ရှိလျှက်နှင့် မစဉ်းစားနိုင်သော ကျွန်ုပ်ကို မှန်ကန်စွာ စဉ်းစားတွေးတော
ဆင်ခြင်နိုင် စေတော်မူပါ။
စာတန်မာလ်နတ်၏ စုံစမ်းနှောက်ယှက်ခြင်းကို ခုခံတွန်းလှန် အောင်မြင်နိုင်စေသော
ခွန်အားကို ချပေးသနားတော်မူခြင်းအားဖြင့် ဘုန်းတော်ကိုပို၍ ထင်ရှားစေတော်မူ
ပါမည့်အကြောင်း သခင် ခရစ်တော်၏ နာမတော်ကိုအမှီပြု၍ အလွန် ရှိသေစွာဖြင့်
ဆုတောင်းပါသည် အဖဘုရား၊ အာမင်။

**_ John Ma _**

# အဖဘုရားသခင်၏အကြံအစည်တော်

နိုင်ငံရပ်ခြား၌ အမှုတော် ထမ်းဆောင်နေသော ဆရာတစ်ပါးသည် လူသတ်မှုအတွက် အဂတိလိုက်စား၍ လာဘ်စားသောတရားရေးစံနစ်အောက်၌ မတရားစွပ်စွဲခံရပြီး ထောင်ချခံရသည်။

ထောင်ထဲ၌နေစဉ် ရိုက်ပုတ်ခံရသည်။ ညှင်းဆဲခံရသည်။ နေ့စဉ်စားသောက်သော အစားအစာကိုပင် သူငယ်ချင်းမိတ်ဆွေများက ထောင်ထဲသို့ ယူဆောင်လာရသည်။ ဤကဲ့သို့ ယူဆောင်လာနိုင်ရန် ထောင်စောင့်များကိုလည်း ကျွေးမွေးရသည်။ ထောင်ထဲ၌ (၂)နှစ်တိုင်တိုင် အလူးအလိမ့်ခံရသည်။

သက်ဆိုင်ရာမှ ဤလူသတ်မှုအတွက် စုံစမ်းလိုက်သောအခါ ဆရာသည် လူသတ်သော တရားခံ မဟုတ်ကြောင်း တွေ့ရသည်။ လူသတ်မှုဖြစ်နေသောနေရာ၌ လူသတ်မှုဖြစ်နေချိန်တွင် တိုက်ဆိုင်စွာဖြင့် ရောက်ရှိသွားခြင်းသာဖြစ်ကြောင်း စုံစမ်းတွေ့ရှိသဖြင့် ဤဆရာကို ထောင်မှ လွှတ်လိုက်သည်။

ဆရာသည် ထောင်ထဲ၌နေစဉ် ခက်ခဲသဖြင့် မျှော်လင့်ချက် ကင်းမဲ့သည်ဟုထင်ရသော်လည်း စိတ်ပျက်အားလျှော့ခြင်းမရှိ ဆုတောင်းခွန်အားယူလျှက် လက်မြှောက်အရှုံးမပေး သည်းခံလျှက် ခက်ခက်ခဲခဲ ခရစ်ယာန်တစ်ယောက်၏ ပုံသက်သေကောင်းပြကာ အမှုတော်ကို ဆက်လက် ထမ်းဆောင်ကြောင်းတွေ့ရသည်။

အဘယ်ကြောင့် ဤသို့ပြောနိုင်သနည်း။ ထောင်ထဲ၌နေစဉ် ဆရာသည် ပင်ပန်းကြီးစွာ စိုက်ပျိုး၍ သီးလာသောအသီးများကို ရေတွက်ကြည့်လျှင် သူထောင်ထဲ၌နေစဉ် ရာဇဝတ်သားစုစုပေါင်း ၅၃ ဦးကို ပြောင်းလဲပေးနိုင်ခဲ့သည့်အပြင် ထောင်ထဲ၌ နေ့စဉ်မျှော်လင့် ခြင်းကင်းမဲ့နေသော ထောင်သားများအတွက် ကယ်တင်ခြင်းအလင်းကိုပြ၍ အသင်းတော်တစ်ပါးကို တည်ထောင်ပေးနိုင်ခဲ့ကြောင်း တွေ့ရသည်။ မတရားစွပ်စွဲခံရ၍ ထောင်ထဲ၌ ဒုက္ခအမျိုးမျိုးခံရသော ဤဆရာကို အသုံးပြုခြင်းအားဖြင့် အဖဘုရားသခင်သည် ကယ်တင်ခြင်းအလင်းတရားကို ထောင်ထဲသို့ ရောက်အောင် ပို့ဆောင်နိုင်ခဲ့ကြောင်း တွေ့ရသည်။

အော် – အဖဘုရားသခင်၏ အကြံအစည်တော်သည် အံ့ဩ၍ မကုန်နိုင်။

မှတ်ချက်– အထက်ပါ အကြောင်းအရာသည် ဂွာတီမာလာနိုင်ငံ၌ ပြုလုပ်သော ဧဝံဂေလိလုပ်ငန်း၏အစီရင်ခံစာ၌ ပါဝင်သော ဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါသည်။

**_ John Ma _**